www.kelasa.org

# ဗုဒ္ဓသာသနာ့အလံကိုတီထွင်သူ

အရှင်ကေလာသ



ဗုဒ္ဓရှင်တော်မြတ် သဗ္ဗညုတဉာဏ်ကို ရပြီးနောက် လေးပတ်မြောက်တွင် ဗောဓိပင်၏ အနောက်မြောက်ဖက် ရတနာစက်မနေရာတော်၏ အနောက်ဖက် နတ်တို့ ဖန်ဆင်းသော ရတနာဃရ စံအိမ် (ရတနာဃရ စံအိမ်ဟူသည် ရတနာခုနစ်ပါး အစစ်ဖြင့် တည်ဆောက်ထားသော ပကတိအိမ်မဟုတ်၊ အဘိဓမ္မာခုနစ်ကျမ်းဟူသော ရတနာခုနစ်ပါးဖြင့် တည်ဆောက်ထားသောအိမ်ကို တင်စား၍ ခေါ်ဝေါ်ခြင်းဖြစ်သည်)၌ သီတင်းသုံးတော်မူစဉ် အဘိဓမ္မာခုနစ်ကျမ်းကို ဆင်ခြင်တော်မူသည်။ ယင်းသို့ ဆင်ခြင်ရာတွင် ဓမ္မသင်္ဂဏီ၊ ဝိဘင်္ဂ၊ ဓာတု ကထာ၊ ပုဂ္ဂလပညတ္တိ၊ ကထာဝတ္ထု၊ ယမကဟူသော ရှေးခြောက်ကျမ်းကို ဆင်ခြင်ခိုက် ရှင်တော်မြတ်၏ ခန္ဓာကိုယ်မှ ရောင်ခြည်တော်များ မထွက်သေးဘဲ မဟာပဋ္ဌာန်းကျမ်းမြတ်ကို ဆင်ခြင်တော်မူမှသာ ရောင်ခြည်တော်ခြောက်မျိုး ထွက်ပေါ်ခဲ့သည်။ ယင်းခြောက်မျိုးကို ကျမ်းဂန်လာ အစဉ်အတိုင်း ဖော်ပြရသော် အောက်ပါအတိုင်း ဖြစ်သည်-

၁) နီလ = ညိုမှောင်သောရောင်ခြည်၊ ဆံပင်မွေးညှင်းနှင့် မျက်လုံး စသောနေရာတော်များမှ ထွက်သည်၊
၂) ပီတ = ရွှေသောရောင်ခြည်၊ အရေတော်နှင့် မျက်လုံးတော်များမှ ထွက်သည်၊
၃) လောဟိတ = နီသောရောင်ခြည်၊ အသွေးအသားနှင့် မျက်လုံးတော်များမှ ထွက်သည်၊
၄) ဩဒါတ = ဖြူသောရောင်ခြည်၊ အရိုး သွားနှင့် မျက်လုံးတော်များမှ ထွက်သည်၊
၅) မဥ္ဇိဋ္ဌ = ညိုမောင်းသောရောင်ခြည်၊ ထိုထို ခန္ဓာကိုယ် အစိတ်အပိုင်းများမှ ထွက်သည်၊
၆) ပဘဿရ = ပြိုးပြက်သောရောင်ခြည်၊ ထိုထို ခန္ဓာကိုယ် အစိတ်အပိုင်းများမှ ထွက်သည်၊

မြတ်ဗုဒ္ဓဆင်းတုတော်နှင့် ရုပ်ပုံပန်းချီကားများ၌ ဦးခေါင်းတော်ပတ်လည်တွင် သရုပ်ဖော်သည့် ရောင်ခြည်စက်ဝန်းမှရောင်စဉ်များမှာ ဖော်ပြပါခြောက်မျိုးကို ရည်ညွှန်းခြင်းဖြစ်သည်။ ယင်းရောင်ခြည်တော်ခြောက်မျိုးကို ရည်ရည်ညွှန်း၍ပင် ဗုဒ္ဓသာသနာ့အလံတော်ကို တီထွင်ခဲ့ခြင်းဖြစ်သည်။ တီထွင်ရန် အကြံရခဲ့သူကား အမေရိကန်လူမျိုး ဗိုလ်မှူးကြီးဟောင်း ဟင်နရီ စတီးလ် အိုလ်ကော့ (Col. Henry Steel Olcott) ဖြစ်သည်။ အိုလ်ကော့၏ဘဝသည် ထူးခြားပြီး စိတ်ဝင်စားဖွယ်ကောင်း၏။ သူ့ဆောင်ရွက်ချက်များမှာ ဗုဒ္ဓဘာသာဝင်တို့အဖို့ အမှတ်ရ လေးစားဖွယ်ဖြစ်သည်။

အိုလ်ကော့ကား အမေရိကန် အတွေးအခေါ် သမိုင်းမှာရော နိုင်ငံရေးနယ်ပယ်မှာပါ ထင်ရှားသူဖြစ်၏။ အမေရိကန် သီအိုဆိုဖီအသင်းကို စတင်တည်ထောင်သူ၊ ယင်းအသင်း၏ ပထမဆုံးဥက္ကဋ္ဌ၊ အများကောင်းကျိုးဆောင်ရွက်သူ၊ စာရေးဆရာ၊ ရှေ့နေ၊ အရှေ့အနောက်တစ်ခွင် ဗုဒ္ဓဘာသာပြန့်ပွားအောင် ဆောင်ရွက်ခဲ့သူအဖြစ်မှတ်တမ်းတင်ခံရသည်။ စတီဖင် ပရိုသဲရိုး (Stephen Prothero)က 'လူဖြူဗုဒ္ဓဘာသာတစ်ယောက်' (The White Buddhist) အမည်ဖြင့် အိုလ်ကော့၏ အတ္ထုပ္ပတ္တိကို ရေးခဲ့သည်။

နယူးဂျာစီပြည်နယ်၊ အောရင့်ဂျ် (Orange)မြို့၌ ၁၈၃၂-ခုနှစ်၊ ဩဂုတ်လ ၂-ရက်နေ့တွင် ပရိုတင့်စတင့် ခရစ်ယန်ဘာသာဝင်မိဘနှစ်ပါးမှ မွေးဖွားခဲ့သည်။ ငယ်စဉ်အခါ နယူးယောက်စီးတီးကောလိပ်နှင့် ကိုလမ်ဘီယာတက္ကသိုလ်တို့၌ ပညာဆည်းပူးခဲ့သည်။ အမေရိကန်ပြည်တွင်းစစ်အတွင်း မြောက်ပိုင်း ကိုလမ်ဘီယာ စစ်ဌာနချုပ် ဗိုလ်ချုပ်ဗန်းဆိုဒ် လက်အောက်ရှိ ဆက်သွယ်ရေးတပ်တွင် ဝင်ရောက်အမှုထမ်းသည်။ ၎င်း၏ ဂုဏ်သတ္တိနှင့် အောင်မြင်စွာဆောင်ရွက်နိုင်မှုတို့ကြောင့်

www.kelasa.org

www.kelasa.org

ဗိုလ်မှူးကြီးအဆင့်သို့ တိုးမြှင့်ခံရသည်။ သမ္မတလင်ကွန်း လုပ်ကြံခံရသောအခါ အိုလ်ကော့သည် လူသတ်သမား စုံစမ်းရေး အထူးအရာရှိ သုံးဦးအဖွဲ့ဝင်အဖြစ် ခန့်အပ်ခံရသည်။ ၁၈၆၀-ပြည့်နှစ်တွင် မေရီ အက်ပလီမော်ဂန် အမည်ရှိအမျိုးသမီးနှင့် အိမ်ထောင်ပြုခဲ့ပြီး သားသမီးနှစ်ယောက် ထွန်းကားသည်။ ၁၈၆၈-ခုနှစ်မှစပြီး စိတ်ပညာနှင့် လောကီဂန္ဓာရီပညာများကို စိတ်ဝင်စားခဲ့ပြီး စိတ်ပိုင်းဘဝ ဖြစ်ရပ်ဆန်းများနှင့် ပတ်သက်သည့် ဆောင်းပါးများကို နယူးယောက် ဒေးလီး တယ်လီဂရပ်သတင်းစာ၌ ရေးသားခဲ့သည်။ ယင်းဆောင်းပါးများကို စုစည်းလျက် ၁၈၇၅-ခုနှစ်တွင် 'ပရလောကမှလူသားများ' (People from the Ohter World) အမည်ဖြင့် စာအုပ် ထုတ်ဝေခဲ့သည်။

ဘားမောင့်မြို့၌နေထိုင်စဉ် ၁၈၇၄-ခုနှစ်၊ အောက်တိုဘာလတွင် ဘလာဗာစကီအမည်ရှိ လောကီဂန္ဓာရီပညာနှင့် ပတ်သက်၍ နာမည်ကျော်ကြားနေသည့် ရုရှားအမျိုးသမီးနှင့်တွေ့ပြီး မိတ်ဆွေရင်းများ ဖြစ်သွားကြသည်။ ထိုအချိန်က အိုလကော့ အသက် ၄၂-နှစ်ရှိပြီ။ မှတ်တမ်းတစ်ခု၌ ဘလာဗာစကီနှင့် တွေ့ပြီးနောက် အိုလ်ကော့သည် မေရီနှင့် ကွာရှင်းခဲ့သည်ဟုဆိုသည်။ ၁၈၇၈-ခုနှစ်တွင် ဘလာဗာစကီနှင့် အတူ အိန္ဒိယသို့ထွက်ခွာခဲ့သည်။ အာရှအတွေးအမြင်များကို အနောက်တိုင်းတွင် ဖြန့်ချိနိုင်ရန်၊ ဌာနေပညာရှင်များအား ၎င်းတို့၏ကျမ်းစာများကို အင်္ဂလိပ်ဘာသာပြန်ဆိုရာ၌ အားပေးကူညီရန်နှင့် အနောက်တိုင်း ခရစ်ယန်သာသနာပြုများ၏ မဟုတ်မမှန် ဝါဒဖြန့်မှုတို့ကြောင့် တိမ်မြုပ်မျက်နှာငယ်နေရသည့် အရှေ့တိုင်းဘာသာတရားများကို ပြန်လည်ရှင်သန်အောင် ဆောင်ရွက်ရန် အဓိကရည်ရွယ်ခဲ့ကြောင်း သိရသည်။ ၁၈၈၀-ပြည့်နှစ်တွင် အိန္ဒိယမှသီရိလင်္ကာသို့ ကူးသည်။

အိုလ်ကော့ သီရိလင်္ကာသို့ ရောက်သွားသောအခါ သီရိလင်္ကာ၌ ဗုဒ္ဓသာသနာ ပြန်လည်ဆန်းသစ်ရေးလှုပ်ရှားမှု အရှိန်ရနေပြီး ဗုဒ္ဓဘာသာနှင့်ခရစ်ယန်ဘာသာတို့ စကားရည်လုပွဲကြီးတစ်ရပ် ကျင်းပသည်ကိုအကြောင်းပြု၍ ဘာသာရေးလောက၌ လှုပ်လှုပ်ရွရွနိုးကြွနေချိန်လည်းဖြစ်သည်။

သီရလင်္ကာနိုင်ငံတွင် ဘီစီ-၃၄၀ အချိန်က အသောကမင်း၏သားတော် အရှင်မဟာမဟိန္ဒရဟန္တာကြီး ထားခဲ့သော ဗုဒ္ဓသာသနာတော်သည် သမိုင်းတစ်လျှောက်လုံး နေလအသွင် ထွန်းပြောင်ခဲ့သည်။ အမျိုးသမီးများ စပါးလှန်း၍ မဖြစ်နိုင်လောက်အောင်ပင် မိုးပေါ်မှာ ချန်ကြွရဟန္တာကြီးတွေ ပေါ်များခဲ့သည်ဟု အဆိုရှိသည်။ သို့ရာတွင် ဆယ့်ခြောက်ရာစုမှစ၍ ပထမ ပေါ်တူဂီလူမျိုးများ၊ ဒုတိယ ဒတ်ချ်လူမျိုးများ၊ ယင်းနောက် ၁၈၁၅-တွင် ဗြိတိသျှလူမျိုးများ၏ နယ်ချဲ့အုပ်ချုပ်မှုအောက်သို့ ရောက်သွားခဲ့သည်။ ထိုအချိန်မှစ၍ ဗုဒ္ဓသာသနာတော် ညှိုးမှိန်ခဲ့ရသည်။

ဆယ့်ကိုးရာစုကုန်ခါနီး၌မူ မျိုးချစ်ပုဂ္ဂိုလ်များ ဦးဆောင်လှုံ့ဆော်ပြီး ဗုဒ္ဓသာသနာတော် ပြန်လည်ရှင်သန်ထွန်းကားရေးအတွက် အားပေးလုပ်ဆောင်လာကြသည်။ ဗုဒ္ဓသာသနာတော် ညှိုးမှိန်ရသည်မှာ ခရစ်ယန်သာသနာပြုကျောင်းများကြောင့် ဖြစ်သည်ဟုယူဆပြီး သီရိလင်္ကာမျိုးချစ်ပုဂ္ဂိုလ်များသည် ယင်းကျောင်းများနှင့်အပြိုင် အမျိုးသားကျောင်းများ တည်ထောင်ကြသည်။ ၁၈၇၃-တွင် အရှင်သုမင်္ဂလမထေရ်က ဝိဒ္ဒေါဒယတက္ကသိုလ်၊ ၁၈၇၅-ခုနှစ်တွင် အရှင်ဓမ္မာနန္ဒမထေရ်က ဝိဒ္ဒါလင်္ကာရတက္ကသိုလ်များဖွင့်လှစ်ပြီး ပါဠိ၊ သက္ကတ၊ သီဟိုဠ်သမိုင်းနှင့် အခြားဆက်နွယ်ဘာသာရပ်များကို သင်ကြားပေးသည်။

ထိုအချိန်တွင် အရှင်ဂုဏာနန္ဒအမည်ရှိ ထူးချွန်ထက်မြက်သည့် သတ္တိခဲရဟန်းတော်တစ်ပါးက ဘာသာရေးနှင့်ဆိုင်သော စကားရည်လုပွဲတစ်ရပ် ဆင်နွှဲရန် ခရစ်ယန်ဘာသာဝင်များအား စိန်ခေါ်လိုက်သည်။ ခရစ်ယန်ဘက်မှလည်း စွမ်းရည်ပြည့် ကျမ်းစာတတ်ပုဂ္ဂိုလ်များက ထိုစိန်ခေါ်ချက်ကို လက်ခံသောကြောင့် ၁၈၇၃-တွင် ပနာဒူရ(Panadura) မြို့၌ တစ်ပတ်ကြာ စကားရည်လုပွဲကြီးတစ်ရပ် ကျင်းပခဲ့သည်။ သတင်းစာများနှင့် အကဲဖြတ်မှတ်တမ်းများအဆိုအရ ထိုပွဲတွင် ဂုဏာနန္ဒအရှင်မြတ်က အကိုးအကား ခိုင်လုံတိကျပြီး တင်ပြပုံ ပိုင်နိုင်သောကြောင့် အရည်အသွေးသာကြောင်း သိရသည်။ အုပ်ချုပ်သူ လူတန်းစားများပါဝင်နေသည့် ခရစ်ယန်တို့ဘက်မှ မခံရပ်နိုင်ဖြစ်ပြီး အပြန်အလှန် ရေးသားပြောဆိုကြသဖြင့် ကမ္ဘာကျော်သွားခဲ့သည်။ ပနာဒူရစကားရည်လုပွဲ အကြောင်းကို နိုင်ငံရပ်ခြားသတင်းစာများ၌လည်း အဆက်မပြတ် ရေးသားဖော်ပြခဲ့ကြသည်။

ယင်းသတင်းများ အရှိန်ကောင်းဆဲဖြစ်သည်နှင့် တိုက်တိုက်ဆိုင်ဆိုင်ပင် အိပ်ချ် အက်စ် အိုလ်ကော့သည် အိပ်ချ် ပီ ဘလာဗာစကီနှင့်အတူ သီရိလင်္ကာသို့ ရောက်ရှိသွားခြင်းဖြစ်သည်။ တွေ့ဆုံမေးမြန်း ဆွေးနွေးလေ့လာ၍ အခြေအနေမှန်ကို သိမြင်နားလည်သွားပြီးသည့်နောက် မကြာမီတွင် ၎င်းတို့နှစ်ယောက်လုံး ငါးပါးသီလခံယူလျက် မိမိတို့သည် ဗုဒ္ဓဘာသာဝင်များဖြစ်ကြောင်း သီရိလင်္ကာနိုင်ငံ ဂေါလေ (Galle) မြို့၌ တရားဝင် လူသိရှင်ကြား ကြေညာလိုက်ကြသည်။

www.kelasa.org

ထို့နောက် အိုလ်ကော့သည် မိမိ၏စည်းရုံးရေး စွမ်းရည်ကို အသုံးချပြီး အရှင်သုမင်္ဂလမဟာထေရ်၊ အနာဂါရိက ဓမ္မပါလတို့နှင့်လက်တွဲလျက် ခရစ်ယန် သာသနာပြုကျောင်းများနှင့်အပြိုင် ဗုဒ္ဓဘာသာသိပ္ပံ ကျောင်းများ တည်ထောင် ဖွင့်လှစ်ပေးသည်။ ၁၉၀၃-ခုနှစ်တွင် သီရိလင်္ကာနိုင်ငံတစ်ဝန်းလုံး၌ ၁၇၄-ကျောင်း ထိ တိုးတက်ခဲ့သည်။ သီရိလင်္ကာသည် နှစ်ပေါင်း လေးရာကျော် ဥရောပအုပ်ချုပ်မှုအောက်တွင် နေခဲ့ရသော်လည်း အမျိုးသားယဉ်ကျေးမှုနှင့် ဗုဒ္ဓသာသနာ့ အမွေအနှစ်ကို ကောင်းစွာ ထိန်းသိမ်းထားနိုင်ခဲ့သည်။ ဤကျောင်းများကဲ့သို့ပင် လွတ်လပ်ရေးကြိုခေတ်က မြန်မာနိုင်ငံ၌လည်း အမျိုးသားအထက်တန်းကျောင်းနှင့် အမျိုးသားကောလိပ်ကျောင်းများ တည်ထောင်ဖွင့်လှစ်ပြီး မျိုးချစ်ပုဂ္ဂိုလ်များကို မွေးထုတ်ခဲ့ကြသည်။

အိုလ်ကော့သည် သီရိလင်္ကာနိုင်ငံ၌ ဗုဒ္ဓသာသနာတော်ရှင်သန်တိုးတက်ရေး လုပ်ဆောင်ချက်များတွင် ဗုဒ္ဓဘာသာဝင်တစ်ယောက်အဖြစ် ထင်ရှားစွာ ပါဝင်ဆောင်ရွက်ခဲ့ပြီး ၁၈၈၁-တွင် ‘ဗုဒ္ဓဝါဒအမေးအဖြေကျမ်း’ (The Buddhist Catechism) စာအုပ်ကို ရေးခဲ့သည်။ ယင်းစာအုပ်၌ ‘ကံဟူသည် အဘယ်နည်း’ ‘ကံဟူသည် ကိုယ်နှုတ်နှလုံးသုံးပါး၌ ကိုယ်ကျင့်တရား (ကောင်းခြင်းဆိုးခြင်း)ကို ဖြစ်ပေါ်စေသည့် အကြောင်းတရား (စေ့ဆော်မှု)ဖြစ်၏။ လူသားတို့၏ (ကောင်းဆိုး) ကိစ္စများ၌ တန်းခိုး(ဖြင့်ကုစားနိုင်ခြင်း)မရှိဘဲ လူသည် မိမိစိုက်ပျိုး(ပြုမူ)သည်ကို မိမိရိတ်သိမ်း (ခံစား)ရခြင်းသာဖြစ်၏’ဟူသော ဖော်ပြချက်ကိုကြည့်၍ အိုလ်ကော့၏ ဘာသာရေးခံယူချက်ကို ခန့်မှန်းနိုင်သည်။

ထေရဝါဒဗုဒ္ဓသာသနာတော် ထွန်းကားရာ မြန်မာနိုင်ငံသို့လည်း အိုလ်ကော့ အလည်အပတ် ရောက်ရှိခဲ့ပြီး သာသနာတော် ထွန်းကားရေးအတွက် ဟောပြောခဲ့ကြောင်း သိရသည်။ ‘ဂိုဏ်းဂဏကွဲပြားလျှင် အင်အားဆုတ်ယုတ်သည်’ဟု ယူဆသည့်အတိုင်း ထေရဝါဒနှင့် မဟာယာနတို့ အချင်းချင်း နားလည်မှုရ လာအောင်လည်း ကြိုးစားဆောင်ရွက်ခဲ့သည်။ ထိုကိစ္စမှာ ထင်သလောက် မအောင်မြင်သော်လည်း ရလာဒ်တစ်ခုတော့ ထွက်ခဲ့သည်။ ယင်းမှာ နှစ်ဂိုဏ်းလုံး လက်ခံ အသုံးပြုသည့် ဗုဒ္ဓသာသနာ့အလံတော် ပေါ်ပေါက်လာခြင်းဖြစ်သည်။ ယင်းကို အိုလ်ကော့၏ အထူးခြားဆုံး ဆောင်ရွက်ချက်တစ်ရပ်ဟုလည်း ဆိုနိုင်သည်။

အချို့သော သီရိလင်္ကာပညာရှင်များကမူ ဗုဒ္ဓသာသနာ့အလံကို အိုလ်ကော့ တီထွင်သည်ဟူသော အဆိုကို လက်မခံလိုဘဲရှိကြသည်။ ၎င်းတို့အဆိုမှာ ဤသို့ဖြစ်သည်။ ၁၈၈၅-ခုနှစ်တွင် ဧပြီလ ၂၈-ရက်နေ့ကို ဝိဆက်ဒေး (ကဆုန်လပြည့်ဗုဒ္ဓနေ့) ပြည်သူ့ရုံးပိတ်ရက်အဖြစ် အင်္ဂလိပ်အစိုးရက တရားဝင်ကြေညာပေးခဲ့သဖြင့် ပထမဆုံးအကြိမ် ကျင်းပမည့် ဗုဒ္ဓနေ့အခမ်းအနားအတွက် ဗုဒ္ဓဘာသာကိုယ်စားပြု အလံတစ်ခု လိုအပ်ကြောင်းကို အိုလ်ကော့နှင့် သီဟိုဠ်ဆရာတော် အရှင်ဂုဏာနန္ဒတို့ ပထမဆုံး သဘောပေါက်ခဲ့ကြသည်။ အိုလ်ကော့၏လှုံ့ဆော်မှုဖြင့် ထိုလိုအပ်ချက်ကို ပြီးမြောက်အောင် ဆောင်ရွက်နိုင်ခဲ့သည်။ အကြောင်းမူ အဓိပ္ပါယ်ရှိသော ဗုဒ္ဓသာသနာ့အလံကို ဒီဇိုင်းရေးဆွဲရန် အဖွဲ့ဝင်ကိုးဦးပါသည့် ကော်မတီတစ်ရပ် ဖွဲ့စည်းနိုင်ခဲ့သောကြောင့်ဖြစ်သည်။ အဖွဲ့၏ အတွင်းရေးမှူးဖြစ်သူ ပုဂျိထဂုဏာဝါရ်ဒေနေ (Poojitha Goonawardene) အမည်ရှိ သီရိလင်္ကာလူမျိုးတစ်ဦးက ပုံစံဒီဇိုင်းရေးဆွဲပြီး အဖွဲ့သို့တင်ပြရာတွင် အဖွဲ့က သဘောတူခဲ့သည်။ ထိုအချိန်တွင် အိုလ်ကော့ အိန္ဒိယသို့ ရောက်နေပြီး ၎င်းသီရိလင်္ကာသို့ တစ်ဖန် ပြန်ရောက်သောအခါ သာသနာ့အလံမှာ ရှည်နေသဖြင့် နိုင်ငံတော်အလံများနှင့် ရွယ်တူဖြစ်အောင် ပြင်ဆင်ပေးခဲ့ သည်။ ယင်း (ပြုပြင်ပြီး) သာသနာ့အလံကို ဂျီ ပီ မာလာလာသေကေရ (သီဟိုဠ်ပညာရှင်)က ၁၉၅၀-ခုနှစ်၊ မေလတွင် ကိုလံဘိုမြို့၌ ကျင်းပသည့် ကမ္ဘာ့ဗုဒ္ဓဘာသာညီလာခံသို့ တင်ပြသဖြင့် ယင်းအလံမှာ ဗုဒ္ဓဘာသာဝင် အားလုံးလက်ခံသည့် အပြည်ပြည်ဆိုင်ရာ ဗုဒ္ဓသာသနာ့အလံတော် ဖြစ်လာသည်ဟု ဆိုသည်။

အိုလ်ကော့ ကိုယ်တိုင်ရေးသည့် The Buddhist Catechism (p 80-81)တွင် -

> ‘ဗုဒ္ဓခန္ဓာကိုယ်မှ ထွက်သော ရောင်ခြည်များကို ပါဠိလို ဘယ်လိုခေါ်ပါသလဲ။ နီလ၊ ပီတ၊ လောဟိတ၊ ဩဒါတ၊ မဉ္ဇိဋ္ဌ၊ ပဘဿရလို့ ခေါ်ပါတယ်။ အဲဒီရောင်ခြည်တွေကို တင်စားပြီး ဘယ်နေရာမှာ အသုံးပြုထားပါသလဲ။ (သီရိလင်္ကာနိုင်ငံ) ကိုလံဘိုမြို့မှာ ပထမဆုံး ပြုလုပ်ခဲ့ပြီး ယခုအခါ ဗုဒ္ဓဘာသာနိုင်ငံတွေမှာ အသုံးပြုနေပြီ ဖြစ်တဲ့ ဗုဒ္ဓသာသနာ့အလံမှာ အသုံးပြုထားပါတယ်။ ဗုဒ္ဓရဲ့ခန္ဓာကိုယ်က အရောင်ထွက်တယ်ဆိုတာ ဗုဒ္ဓကိုယ်တိုင်ဟောခဲ့တဲ့ သုတ္တန်ရှိရဲ့လား။ ဟုတ်ကဲ့၊ မဟာပရိနိဗ္ဗာနသုတ်မှာ အရှင်အာနန္ဒာကို မိန့်ကြားခဲ့ပါတယ်’

ဟုဖော်ပြထားသည်။ ထို့ကြောင့် အိုလ်ကော့သည် ဗုဒ္ဓ၏ရောင်ခြည်တော်ခြောက်ပါးကို သိမှတ်ဖူးကြောင်း ထင်ရှားသည်။ ထို့ပြင် စိတ်ဆန်းကြယ်မှုသဘာဝကို လေ့လာသူ သီအိုဆိုဖစ်စ် တစ်ယောက်ဖြစ်သဖြင့် halo သို့မဟုတ် human aura ခေါ် လူ့ခန္ဓာကိုယ်မှထွက်

သော အရောင်အကြောင်းကို အထူးစိတ်ဝင်စားလျက် ယင်းရောင်ခြည်သည် အမှန်တကယ်ရှိပြီး ယင်းသည် တန်ခိုးပြာဋိဟာမဟုတ်ဘဲ သဘာဝအားဖြင့် ထင်ရှားရှိကြောင်း စိတ်စွမ်းရည်မြင့်မားသူများတွင် ဖြစ်ပေါ်တတ်ကြောင်း ၁၈၄၄-၅ ခုနှစ်များတွင် ပြင်သစ်နိုင်ငံမှ ဒေါက်တာ ဗာရာဒတ်က် (Dr. Baraduc)၏ လက်တွေ့သုတေသနစာတမ်းများအရ လက်ခံထားသူ ဖြစ်သည်။

သို့ဖြစ်၍ ဗုဒ္ဓသာသနာ့အလံတစ်ခု တီထွင်သင့်သည်ဟု ပထမဦးဆုံးအကြံရသူ အိုလ်ကော့သည် မြတ်ဗုဒ္ဓ၏ ခန္ဓာကိုယ်မှထွက်သော ရောင်ခြည်တော်ခြောက်သွယ်ကို စဉ်းစားမိပြီး (ကိုယ်တိုင်မရေးဆွဲသည့်တိုင်) ပုံစံရေးဆွဲရေးအဖွဲ့ဝင်များအား ယင်းရောင်စဉ် ခြောက်မျိုးကို တင်စားမှုပါဝင်ရန် နှုတ်အားဖြင့် အကြံပြုတင်ပြနိုင်သည်သာဖြစ်သည်။ အိုလ်ကော့ အကြံပေးသည့်အတိုင်း အလံ၏မူလအရှယ်အစားကို ပြင်ဆင်သည်ဆို၍လည်း ထိုကိစ္စအတွက် အိုလ်ကော့၏ အရေးပါမှု ကိုတွေ့နိုင်သည်။ ထို့ကြောင့်ပင် အိုလ်ကော့အား သာသနာ့အလံကို ရှေးဦးတီထွင်သူအဖြစ် အများက အသိအမှတ်ပြုပြီး ၁၉၀၇-ခုနှစ်၊ အိန္ဒိယနိုင်ငံ၊ မဒရပ်ပြည်နယ်၊ အဒျာမြို့၌ အိုလ်ကော့ ကွယ်လွန်သောအခါ ၎င်း၏ ရုပ်အလောင်း၌ ဗုဒ္ဓသာသနာ့အလံတော်နှင့် အမေရိကန်အလံ နှစ်မျိုးလုံးကို လွှမ်းခြုံခဲ့ခြင်းဖြစ်သည်။

အိုလ်ကော့ကွယ်လွန်ခဲ့သည်မှာ နှစ်တစ်ရာပြည့်လုပြီဖြစ်သော်လည်း အိုလ်ကော့အား အရှေ့အနောက် ဗုဒ္ဓသာသနာတော် ထွန်းကားအောင် အားပေးကူညီခဲ့သည့် အစောဆုံး အနောက်တိုင်းသားဗုဒ္ဓဘာသာဝင်၊ ဗုဒ္ဓသာသနာ့အလံတော် ပေါ်ပေါက်လာရေးအတွက် အဓိကဖန်တီးရှင်အဖြစ် ဗုဒ္ဓဘာသာဝင်အပေါင်းက လေးစားအမှတ်ရနေကြလိမ့်မည်ဖြစ်ပါသည်။ ❑ ❑ ❑

**မှတ်ချက်**။ ။သာသာနာ့အလံ ရောင်စဉ်ခြောက်မျိုးတွင် နီလကို မဟာကရုဏာ၊ ပီတကို မဇ္ဈိမပဋိပဒါလမ်းစဉ်၊ လောဟိတကို မင်္ဂလာတရား၊ ဩဒါတကို ဝိသုဒ္ဓိနှင့်ဝိမုတ္တိ၊ မဉ္ဇိဋ္ဌကို ပညာ၊ ပဘဿရကို ယင်းခြောက်မျိုးပေါင်းဟုလည်း အဓိပ္ပါယ်ဖွင့်ဆိုကြသည်။ မြန်မာနိုင်ငံမှ ဗုဒ္ဓသာသနာ့အလံတော်နှင့် ခြားနားချက်မှာ ငါးခုမြောက် မဉ္ဇိဋ္ဌအရောင်ဖြစ်သည်။ ၎င်းတို့က မဉ္ဇိဋ္ဌကို လိမ္မော်ရောင် (orange)ဟုယူပြီး ၎င်းတို့အဆို မြန်မာတို့က အစိမ်း(green)ရောင် ယူသည်ဟုဆိုသည်။ အမှန်သော် မြန်မာသုခမိန်တို့က မဉ္ဇိဋ္ဌကို မရမ်းစေ့ရောင် သို့မဟုတ် ညိုမောင်းသောအရောင်ဟု ယူခြင်းသာဖြစ်ပြီး ရည်ရွယ်ချက်မှာ အတူတူပင်ဖြစ်သည်။

**ရည်ညွှန်း**


၁။ အဘိ-ဋ္ဌ ၁၊ ၁၃။ ဗုဒ္ဓဝံသ-ဋ္ဌ၊ ၁၀။ မ-ဋ္ဌ ၂ ၊ ၈၉။ ဝိ-ဋ္ဌ ၃၊ ၂၃၈။
2. The Sunday Observer, Feb 17, 2002
3. The White Buddhist, *The Asian Odyssey of Henry Steel Olcott. Reviewed by* Gananath Obeyesekere *Princeton Unversity, Princeton, USA*
4. Remembering H. S. Olcott, The Journal of Religion Vol. 77 No. 4 (Oct 1997), by Sarah Belle Dougherty
5. The Buddhist Handbook *by John Snelling* Inner Traditions of International One Park Street, Rochester, Vermot, USA 1991
6. The Buddhist Catechism *by Henery S. Olcott,* Theosophical Publishing House, Madras, 1915
7. The White Buddhist, *The Asian Odyssey of Henry Steel Olcott* by Stephen Prothero, Indiana: University Press, 1996.
8. Who designed the Buddhist flag? *Article from The Dhamma Times, Sri Lanka Internet Web Site*


------------------------


Ashin Kelasa,
1651 E. Manhatton Drive
Tempe, AZ 85282, USA


---